28-May-2024

# User Guide For Copyright Registration System

# Contents

Application for Copyright Registration System ........ 4

1. System အတွင်းသို့ စတင်ဝင်ရောက်ခြင်း ........ 4

**1.1 Website အတွင်း စတင် ဝင်ရောက်ခြင်း** ........ 4

**1.2 စနစ်အား စတင် အသုံးပြုနိုင်ရန် ဝင်ရောက်ခြင်း** ........ 5

အပိုင်း (၁) စနစ်အတွင်းသို့ ဝင်ရောက်ခြင်း ........ 8

အပိုင်း (၂) စကားဝှက် အသစ် ရယူခြင်း ........ 8

အပိုင်း (၃) အသုံးပြုသူ စာရင်းသွင်းခြင်း ........ 9

2. Dashboard (မူလ) စာမျက်နှာသို့ ဝင်ရောက်ခြင်း ........ 11

3. လျှောက်လွှာပုံစံများ စာမျက်နှာသို့ ဝင်ရောက်ခြင်း ........ 13

**3.1 CR – 1 Form ဖြည့်သွင်းခြင်း** ........ 15

အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း ........ 16

အပိုင်း (၂) မူလလက်ရာရှင်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း ........ 20

အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း ........ 22

အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ အမျိုးအစားရွေးချယ်ခြင်း ........ 24

အပိုင်း (၅) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက်များ ဖြည့်သွင်းခြင်း ........ 25

အပိုင်း (၆) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း ........ 28

အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း ........ 34

အပိုင်း (၈) ငွေပေးချေသည့် အဆင့် ........ 36

**3.2 CR – 2 Form ဖြည့်သွင်းခြင်း** ........ 37

အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း ........ 38

အပိုင်း (၂) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း ........ 43

အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း ........ 48

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် အမျိုးအစား ရွေးချယ်ခြင်း ......50

အပိုင်း (၅) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ခေါင်းစဉ် ဖြည့်သွင်းခြင်း 51

အပိုင်း (၆) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း ......53

အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း ......60

အပိုင်း (၈) ငွေပေးချေသည့် အဆင့် ......61

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

## Application for Copyright Registration System

Application for Copyright Registration System ဆိုသည်မှာ စာပေ၊ အနုပညာ၊ ဂီတနှင့် အခြားသော ဖန်တီးမှုများကို လုံခြုံစွာ မှတ်တမ်းတင်ထားပြီး ကာကွယ်ထားကြောင်း သေချာစေရန် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် Application for Copyright Registration System မှ ဝင်ရောက် ဆောင်ရွက်နိုင်ပါသည်။

# 1. System အတွင်းသို့ စတင်ဝင်ရောက်ခြင်း

## 1.1 Website အတွင်း စတင် ဝင်ရောက်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့် Application for Copyright Registration System အား Online အသုံးပြုလျှောက်ထားရန် မူပိုင်ခွင့် ဦးစီးဌာန၏ Online Service Portal သို့ဝင်ရောက်ရပါမည်။

Computer မှတစ်ဆင့် Browserကို ဖွင့်ပါ။ Figure (1.1) တွင် ဖော်ပြထားသည့်အတိုင်း Browser ၏ Address Bar တွင် မူပိုင်ခွင့် ဦးစီးဌာန၏ ၏ Online Service Portal ဖြစ်သော **https://crfile.ipd.gov.mm/** ဆိုသည့် URL ကို ရိုက်ထည့်ရပါမည်။




Figure 1.1.: မူပိုင်ခွင့် ဦးစီးဌာန၏ Online Service Portal’s URL သို့ ဝင်ရောက်ခြင်း

Figure (1.2) တွင် ဖော်ပြထားသည့်အတိုင်း Welcome Page အား မြင်တွေ့ရမည်ဖြစ်ပြီး ထိုအပိုင်းတွင် **မူလ၊ ထုတ်ပြန်ကြေငြာခြင်း** နှင့် **အသုံးပြုနည်း** ဟူ၍ အပိုင်း (၃) ပိုင်းအား မြင်တွေ့ရမည် ဖြစ်သည်။

**မူလ** စာမျက်နှာတွင် စနစ်အတွင်းသို့ Login ဝင်ရောက်ခြင်း အပိုင်း၊ စကားဝှက် အသစ်ရယူခြင်း အပိုင်း နှင့် အသုံးပြုသူ စာရင်းသွင်းခြင်း အပိုင်း ဟူသော လုပ်ငန်း ၃ ခုကို ဆောင်ရွက်နိုင်မည် ဖြစ်ပြီး အသေးစိတ်ရှင်းပြချက်များကို Section (1.2) ၏ အပိုင်း (၁), (၂) နှင့် (၃) တို့တွင် ဖတ်ရှုနိုင်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

**ထုတ်ပြန်ကြေငြာခြင်း** စာမျက်နှာတွင် မူပိုင်ခွင့်လက်မှတ်ထုတ်ပေးပြီးသော လက်ရာများ၏ စာရင်းများကိုကြည့်ရှုနိုင်မည်ဖြစ်ပြီး **အသုံးပြုနည်း** စာမျက်နှာတွင် အသုံးပြုသူအား အသေးစိတ် ရှင်းပြထားသော “အသုံးပြုသူ လက်စွဲစာအုပ်” အား ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် Figure (1.2) တွင် ဖော်ပြထားသည့်အတိုင်း မြန်မာဘာသာ သို့မဟုတ် English ဘာသာအား ရွေးချယ်နိုင်မည်ဖြစ်သည်။





Figure 1.2: Welcome စာမျက်နှာ

## 1.2 စနစ်အား စတင် အသုံးပြုနိုင်ရန် ဝင်ရောက်ခြင်း

**မူလ** စာမျက်နှာတွင် **စနစ်အတွင်းသို့ ဝင်ရောက်ခြင်း အပိုင်း၊ စည်းမျဉ်းများ နှင့် စည်းကမ်းများ Download ဆွဲနိုင်သည့် အပိုင်း၊ လျှောက်လွှာပုံစံများ Download ဆွဲနိုင်သည့် အပိုင်း** နှင့် **ဆက်သွယ်ရန် အပိုင်း** ဟူ၍ အပိုင်း (၄) ပိုင်း အား မြင်တွေ့ရမည် ဖြစ်သည်။

**စနစ်အတွင်းသို့ ဝင်ရောက်ခြင်း အပိုင်း** တွင် စနစ်အတွင်းသို့ Login ဝင်ရောက်ခြင်း၊ စကားဝှက် အသစ်ရယူခြင်း နှင့် အသုံးပြုသူ စာရင်းသွင်းခြင်း ဟူသော လုပ်ဆောင်ချက် ၃ ခုအား ဆောင်ရွက် နိုင်ပေမည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

**စည်းမျဉ်းများနှင့်စည်းကမ်းများ Download ဆွဲနိုင်သည့် အပိုင်း** တွင် မူပိုင်ခွင့်ဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများကို Download ရယူနိုင်ပြီး မူပိုင်ခွင့် လျှောက်ထားနိုင်ရန် အခကြေးငွေများ အစရှိသည့် အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

**လျှောက်လွှာပုံစံများ Download ဆွဲနိုင်သည့် အပိုင်း** တွင် မူပိုင်ခွင့် လက်မှတ်လျှောက်ထားနိုင်သော လျှောက်လွှာ နမူနာပုံစံများအား download ဆွဲ၍ ရယူနိုင်မည်ဖြစ်သည်။

**ဆက်သွယ်ရန် အပိုင်း** တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (မူပိုင်ခွင့်ဦးစီးဌာန) အား ဆက်သွယ်ရမည့်လိပ်စာ အသေးစိတ်အား မြင်တွေ့ရမည်ဖြစ်သည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 1.3: မူလ စာမျက်နှာ

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## အပိုင်း (၁) စနစ်အတွင်းသို့ ဝင်ရောက်ခြင်း

Figure (1.4) တွင် ဖော်ပြထားသည့်အတိုင်း Login စာမျက်နှာ ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ကျလာသည့် Login စာမျက်နှာတွင် အသုံးပြုသူ စာရင်းသွင်းခြင်း ပြုလုပ်ခဲ့စဉ်က ဖြည့်သွင်းခဲ့သော အီးမေးလ် နှင့် စကားဝှက်အား ရိုက်ထည့်၍ "ဝင်မည်" Button အား နှိပ်ရပါမည်။ အကယ်၍ အသုံးပြုသူ စာရင်းသွင်းခြင်း ပြုလုပ်ထားခြင်းမရှိသေးပါက အပိုင်း(၃) တွင် ဖော်ပြထားသော အသုံးပြုသူ စာရင်းသွင်းခြင်း အဆင့်ဆင့် လမ်းညွှန်ချက်များအတိုင်း ဦးစွာ User Registration ပြုလုပ်ရပါမည်။ ပြီးမှသာ Figure (1.4) တွင်ဖော်ပြထားသည့် အဆင့်များအတိုင်း စနစ်အတွင်း ဝင်ရောက်ရပါမည်။





Figure 1.4: Login စာမျက်နှာ

## အပိုင်း (၂) စကားဝှက် အသစ် ရယူခြင်း

အသုံးပြုသူသည် Login ဝင်ရာတွင် စကားဝှက် မေ့နေပါက "စကားဝှက်မေ့နေပါသလား" ဟူသော စာသားကို နှိပ်သောအခါ Figure (1.5) အတိုင်း မြင်တွေ့ရမည်ဖြစ်ပြီး မိမိ၏ Email အား ဖြည့်သွင်းပြီး တစ်ခါသုံး OTP code အား တောင်းခံရမည်ဖြစ်သည်။ Email တွင် ရောက်ရှိလာမည့် OTP code အား Figure (1.6) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်သွင်းရမည် ဖြစ်သည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 1.5: စကားဝှက် အသစ် ပြုလုပ်ခြင်း စာမျက်နှာ





Figure 1.6: OTP စာမျက်နှာ

## အပိုင်း (၃) အသုံးပြုသူ စာရင်းသွင်းခြင်း

အသုံးပြုသူ သည် စနစ် အတွင်းသို့ ဝင်ရောက်ရန် အကောင့် မရှိသေးပါက ပထမဦးစွာ Register ပြုလုပ်ရမည် ဖြစ်သည်။ အသုံးပြုသူ၏

၁) အမည် ဖြည့်သွင်းခြင်း

၂) အီးမေးလ် လိပ်စာဖြည့်သွင်းခြင်း

၃) ဖုန်းနံပါတ် ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

၄) မိမိထားရှိမည့် စကားဝှက် ဖြည့်သွင်းခြင်း

၅) စကားဝှက်အား အတည်ပြုခြင်း

၅) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်ဖြည့်သွင်းခြင်း

၆) မိမိ အသုံးပြုမည့် အဆင့်အား ရွေးချယ်ခြင်း (လျှောက်ထားသူ ဖြစ်ပါက “Applicant” အား ရွေးချယ်၍ ကိုယ်စားလှယ် ဖြစ်ပါက “Agent” အား ရွေးချယ်ရမည် ဖြစ်သည်)

၆) စည်းကမ်းချက်များနှင့် ကိုယ်ရေးကိုယ်တာမူဝါဒကို ကျွန်ုပ်လက်ခံပါသည် ဟူသော Box တွင် အမှန်ခြစ် ပြုလုပ်၍

၇) လျှောက်ထားသူ အနေဖြင့် အဆင့်အား ရွေးချယ်သည့် နေရာတွင် “Agent” အား ရွေးချယ်ခဲ့ပါက သင်သည် စာပေ သို့မဟုတ် အနုပညာ အလုပ်၏ ကိုယ်စားလှယ် သင်တန်းသားလား? ဟူသော Box ပေါ်လာမည် ဖြစ်ပြီး မူပိုင်ခွင့်ဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းတွင် တက်ရောက်ပြီးပါက ထို Box တွင် အမှန်ခြစ် ပြုလုပ်၍ Certificate No. (eg. CR-3456) ပါ နံပါတ် (၄)လုံးထည့်သွင်း၍ သင်တန်းမှ ရရှိခဲ့သော Certificate File အား ထည့်သွင်းကာ Register ပြုလုပ်ပေးရမည် ဖြစ်ပါသည်။





Figure 1.7: Applicant အနေဖြင့် စာရင်းသွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 1.8: Agent အနေဖြင့် စာရင်းသွင်းခြင်း

ထည့်သွင်းလိုက်သော Certificate နံပါတ်သည် စနစ်တွင် ထည့်သွင်းထားခြင်းမရှိသေးပါက Register ပြုလုပ်နိုင်မည် မဟုတ်ပါ။

## 2. Dashboard (မူလ) စာမျက်နှာသို့ ဝင်ရောက်ခြင်း

စနစ်အတွင်းသို့ Login ဝင်ရောက်ပြီးပါက Dashboard စာမျက်နှာအား Figure (2.1) တွင် ဖော်ပြထားသည့်အတိုင်း မြင်တွေ့ရမည်ဖြစ်သည်။ ထိုစာမျက်နှာတွင် မိမိလျှောက်ထားသော Application Form များနှင့် ပက်သက်သည့် အချက်အလက်များအား မြင်တွေ့ရမည်ဖြစ်သည်။ ထို့အပြင်

၁) လျှောက်ထားချက် စုစုပေါင်း Form အရေအတွက်များ

၂) စိစစ်ဆဲ လျှောက်ထားချက် Form အရေအတွက်များ

၃) ခွင့်ပြုပြီး လျှောက်ထားချက် Form အရေအတွက်များ

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၄) ငြင်းပယ်ပြီး လျှောက်ထားချက် Form အရေအတွက်များ

၅) ကိုက်ညီမှု မရှိသော လျှောက်ထားချက် Form အရေအတွက်များအားလည်း မြင်တွေ့ရမည် ဖြစ်သည်။





Figure 2.1: Dashboard (မူလ) စာမျက်နှာ

Figure (2.1) တွင် ဖော်ပြထားသည့် အတိုင်း အောက်ဖော်ပြပါအချက်များကို အသေးစိတ် Filter ခံ၍ PDF Format ဖြင့် ရယူကြည့်ရှုနိုင်မည်ဖြစ်သည်-

၁) စာစဥ်နံပါတ်

၂) လျှောက်လွှာနံပါတ်/ မှတ်ပုံတင်နံပါတ်

၃) လက်ရာခေါင်းစဉ်

၄) လျှောက်လွှာအမျိုးအစား

၅) လက်ရာအမျိုးအစား

၆) လျှောက်လွှာနံပါတ်

၇) လျှောက်ထားသည့်ရက်

၈) လျှောက်လွှာအခြေအနေတို့ကို

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

၄) မိမိလျှောက်ထားသည့် Form ၏ Status အခြေအနေများအား ရွေးချယ်၍ မိမိလျှောက်ထားသည့် Application Form ၏ အသေးစိတ်အချက်အလက်များကို စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။ လျှောက်လွှာ Status သည် Draft ၊ Pending Payment ၊ Received ဟူ၍ (၃)မျိုးရှိမည်ဖြစ်ပါသည်။

လျှောက်ထားသူသည် မိမိ Application အား ပြင်ဆင်နေချိန်တွင် 'Draft' ဖြင့် တည်ရှိမည်ဖြစ်ပါသည်။ လျှောက်ထားသူသည် မိမိ Application အား ပြင်ဆင်ရန်မလိုအပ်တော့ဘဲ အတည်ဖြစ်သွားပြီဆိုပါက လျှောက်ထားမှု၏ အပိုင်း(၇)တွင်ရှိသော Submit Success အား နှိပ်၍ အတည်ပြုနိုင်ပါသည်။ Submit Success ပြုလုပ်ပြီးပါက Application Status သည် ငွေသွင်းရန်သာကျန်ရှိတော့သောကြောင့် 'Pending Pament' ဖြစ်သွားမည် ဖြစ်ပါသည်။ ငွေသွင်းပြီးပါက Application သည် မူပိုင်ခွင့်ဦးစီးဌာနသို့ ရောက်ရှိသွားပြီဖြစ်သဖြင့် 'Received' Status ဖြစ်သွားမည်ဖြစ်ပါသည်။

## 3. လျှောက်လွှာပုံစံများ စာမျက်နှာသို့ ဝင်ရောက်ခြင်း

Figure (3.1) တွင် ဖော်ပြထားသည့် အတိုင်း လျှောက်ထားနိုင်သည့် Form အမျိုးအစားများအား လျှောက်လွှာ လျှောက်ထားခြင်း နှင့် နောက်ဆက်တွဲ လျှောက်လွှာ လျှောက်ထားခြင်း ဟူ၍ အပိုင်း (၂) ပိုင်းအား မြင်တွေ့ရမည်ဖြစ်ပြီး လျှောက်လွှာ (၁၂) မျိုးကို တွေ့မြင်နိုင်မည် ဖြစ်သည်။ ၎င်းတို့မှာ-

**လျှောက်လွှာလျှောက်ထားခြင်း**

၁) စာပေ သို့မဟုတ် အနုပညာ လက်ရာ မူပိုင်ခွင့် မှတ်ပုံတင် လျှောက်ထားခြင်း (CR – 1)

၂) ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း (CR – 2)

**နောက်ဆက်တွဲလျှောက်လွှာလျှောက်ထားခြင်း**

၃) လျှောက်ထားချက်တွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများအား ပြင်ဆင်ပေးရန် လျှောက်ထားခြင်း (CR - 3)

၄) မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန်လျှောက်ထားခြင်း (CR – 4)

၅) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားခြင်း (CR – 5)

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၆) မူပိုင်ခွင့် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်း (CR – 6)

၇) စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန်လျှောက်ထားခြင်း (CR – 7)

၈) စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း (CR – 8)

၉) မူပိုင်ခွင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း (CR – 9)

၁၀) ကိုယ်စားလှယ်လွှဲစာ (CR -10)

၁၁) ကိုယ်စားလှယ်အမည်ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားခြင်း (CR – 11)

၁၂) သတ်မှတ်ထားသည့် အချိန်ကာလအား တိုးမြှင့်ပေးရန် လျှောက်ထားခြင်း (CR – 12)

၁၃) လိုအပ်ချက်များကို ပြန်လည်ပေးပို့ခြင်း

၁၄) CR-9 Defend တို့ ဖြစ်ပါသည်။ ထိုစာမျက်နှာတွင် မိမိလျှောက်ထားလိုသော လျှောက်လွှာပုံစံ အမျိုးအစားကို ရွေးချယ်၍ လျှောက်ထားနိုင်ပါသည်။





Figure 3.1: လျှောက်လွှာပုံစံများ စာမျက်နှာ

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## 3.1 CR – 1 Form ဖြည့်သွင်းခြင်း

Figure (3.1.1) တွင် ဖော်ပြထားသည့် CR – 1 Form ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာ လက်ရာများကို မှတ်ပုံတင် လျှောက်ထားခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။





Figure 3.1.1: CR – 1 Form

CR – 1 Form လျှောက်ထားရာတွင် အောက်ပါအတိုင်း အဆင့်ဆင့်လျှောက်ထားရမည် ဖြစ်ပါသည်-

အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၂) မူလလက်ရာရှင်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ အမျိုးအစားရွေးချယ်ခြင်း

အပိုင်း (၅) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက် များ ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

အပိုင်း (၆) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း

အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း

အပိုင်း (၈) ငွေပေးချေသည့် အဆင့်

## အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း

CR – 1 Form လျှောက်ထားရာတွင် အပိုင်း (၁) အနေဖြင့် Figure (3.1.2) တွင် ဖော်ပြထားသည့်အတိုင်း လျှောက်ထားသူနှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပေးရပါမည်။ ပထမဦးစွာ_

လျှောက်ထားသူအမျိုးအစားရွေးချယ်ရပါမည်။ လျှောက်ထားမှုအမျိုးအစား ရွေးချယ်မှုပေါ်တွင် မူတည်၍ အပိုင်း(၆) တွင် ထည့်သွင်းရသော Attachment အမျိုးအစားများ ကွာခြားသွားမည် ဖြစ်ပါသည်။

ထို့နောက် ပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အစည်း (ကုမ္ပဏီ) အနေဖြင့် လျှောက်ထားခြင်းတို့အား ရွေးချယ်ခြင်းတို့ကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လျှောက်ထားခြင်းကို ရွေးချယ်ခဲ့ပါက Figure (3.1.3) တွင် ဖော်ပြထားသည့်အတိုင်း_

၁) လျှောက်ထားသူ၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

၂) လျှောက်ထားသူ၌ အခြားအမည်ရှိပါက ထိုအမည်အားဖြည့်သွင်းခြင်း

၃) လျှောက်ထားသူသည် မြန်မာနိုင်ငံသား (သို့မဟုတ်) အခြားနိုင်ငံသား ဖြစ်မဖြစ် ဖြည့်သွင်းခြင်း

၄) လျှောက်ထားသူ၏ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် (နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်) အား ဖြည့်သွင်းခြင်း

၅) လျှောက်ထားသူ၏ နိုင်ငံသား အမျိုးအစားအား ဖြည့်သွင်းခြင်း

၆) လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်ရာနိုင်ငံအမည် ဖြည့်သွင်းခြင်း

၇) လျှောက်ထားသူ၏ မူပိုင်ခွင့် လျှောက်ထားစဉ် တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၈) လျှောက်ထားသူ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၉) လျှောက်ထားသူ၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၁၀) လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံအား ဖြည့်သွင်းခြင်း တို့အား လုပ်ဆောင်ရမည်ဖြစ်သည်။ လျှောက်ထားသူ တစ်ဦးထက်မက ပိုရှိပါကလည်း ထပ်မံဖြည့်သွင်း 'သိမ်းမည်' အား နှိပ်ပြီး ဖြည့်သွင်းနိုင်ပါသည်။ အဆင့်တစ်ခုမှတစ်ခုသို့ ဆက်သွားနိုင်ရန် 'အကြမ်းသိမ်းမည်' ကို နှိပ်ရပါမည်။




Figure 3.1.2: လျှောက်ထားသူ (ပုဂ္ဂိုလ်တစ်ဦးချင်း) စာရင်းသွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

အဖွဲ့အစည်း (ကုမ္ပဏီ)အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက Figure (3.1.3) တွင် ဖော်ပြထားသည့်အတိုင်း

၁) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အမည်အပြည့်အစုံ အား ဖြည့်သွင်းခြင်း

၂) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ မှတ်ပုံတင်အမှတ် အား ဖြည့်သွင်းခြင်း

၃) အဖွဲ့အစည်း(ကုမ္ပဏီ) ၏ အမျိုးအစား ဖြည့်သွင်းခြင်း

၄) အဖွဲ့အစည်း (ကုမ္ပဏီ) တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း


၅) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၆) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၇) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ နေရပ်လိပ်စာ အပြည့်အစုံ ဖြည့်သွင်းခြင်းတို့ကို လုပ်ဆောင်ရပါမည်။ ထို့နောက် Figure (3.1.2) တွင် ဖော်ပြထားသည့်အတိုင်း “သိမ်းမည်” Button အား နှိပ်၍ Registration ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ သို့မဟုတ် မိမိ ဖြည့်သွင်းထားသော အချက်အလက်များအား Registration မပြုလုပ်မီ ပယ်ဖျက်လိုပါက “ရှင်းမည်” Button အား နှိပ်၍ ပယ်ဖျက်နိုင်မည် ဖြစ်သည်။

Applicant Registration အပိုင်း ပြီးမြောက်ပါက “အကြမ်းသိမ်းမည်” Button အား နှိပ်ပါက အပိုင်း (၂) ဖြစ်သည့် မူလလက်ရာရှင်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 




| စဉ် | အမည် | ဖုန်း | နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား | နိုင်ငံသား စီစစ်ရေးကတ်ပြား အမှတ်/နိုင်ငံကူးလက်မှတ် အမှတ် | နိုင်ငံသား | အမြဲတမ်း နေထိုင်ရာ နိုင်ငံ | နေရပ်လိပ်စာ အပြည့်အစုံ | လုပ်ဆောင်ရန် |
|---|---|---|---|---|---|---|---|---|
| 1 | Han Thin Zar Aung | 0911111111 | Citizen | ၁/မကန/(နိုင်)/၁၂၃၄၅၆ | Myanmar | Myanmar | MDY | ပြင်မည်<br>ဖျက်မည် |



Figure 3.1.3: လျှောက်ထားသူ (အဖွဲ့အစည်း) စာရင်းသွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## အပိုင်း (၂) မူလလက်ရာရှင်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း(၁)တွင် လျှောက်ထားသူ အမျိုးအစားအား 'မူလလက်ရာရှင်' (သို့) ပထမမူပိုင်ခွင့်ပိုင်ရှင် အဖွဲ့အစည်းကိုရွေးချယ်ခဲ့လျှင် အပိုင်း(၂) တွင် မူလလက်ရာရှင်အချက်အလက်များတွင် Figure (3.1.4) တွင် ဖော်ပြထားသည့်အတိုင်း "မူလလက်ရာရှင် (သို့မဟုတ်) ပထမ မူပိုင်ခွင့်ပိုင်ရှင် အဖွဲ့အစည်းဖြစ်ပါက မူလလက်ရာရှင် နှင့်သက်ဆိုင်သော အချက်အလက်များကို ဖြည့်သွင်းရန် မလိုပါ" ဟူသော စာသား ပေါ်နေမည် ဖြစ်ပါသည်။





Figure 3.1.4: မူလလက်ရာရှင်(သို့) ပထမမူပိုင်ခွင့်ပိုင်ရှင်အဖွဲ့အစည်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.1.5: မူလလက်ရာရှင် စာရင်းသွင်းခြင်း

အခြားလျှောက်ထားသူအမျိုးအစားကို ရွေးချယ်ပါက Figure (3.1.5) ပါအတိုင်း မူလလက်ရာရှင် နှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပေးရပါမည်။

၁) မူလလက်ရာရှင်၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

၂) မူလလက်ရာရှင်၌ အခြားအမည်ရှိပါက ထိုအမည်အားဖြည့်သွင်းခြင်း

၃) မူလလက်ရာရှင်သည် မြန်မာနိုင်ငံသား(သို့မဟုတ်) အခြားနိုင်ငံသား ဖြစ်မဖြစ်ရွေးချယ်ခြင်း

၄) မူလလက်ရာရှင်၏ နိုင်ငံသားစီစစ်ရေးကဒ်ပြားအမှတ် (နိုင်ငံခြားသား ဖြစ်လျှင် နိုင်ငံကူး လက်မှတ်အမှတ်) အား ဖြည့်သွင်းခြင်း

၅) မူလလက်ရာရှင်၏ နိုင်ငံသား အမျိုးအစားအား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၆) မူလလက်ရာရှင်၏ အမြဲတမ်းနေထိုင်ရာနိုင်ငံအမည် ဖြည့်သွင်းခြင်း

၇) မူလလက်ရာရှင်၏ မူပိုင်ခွင့် လျှောက်ထားစဉ် တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

၈) မူလလက်ရာရှင်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၉) မူလလက်ရာရှင်၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၁၀) မူလလက်ရာရှင်၏ နေရပ်လိပ်စာအပြည့်အစုံအား ဖြည့်သွင်းခြင်း

၁၁) အကယ်၍ မူလလက်ရာရှင်သည် ကွယ်လွန်ပြီး ဖြစ်ပါက ကွယ်လွန်ပြီး ဖြစ်လျှင် ဟူသော Box တွင် အမှန်ခြစ် ပြုလုပ်၍

၁၂) ကွယ်လွန်သည့် ရက်စွဲ အား ဖြည့်သွင်းခြင်း တို့အား လုပ်ဆောင်ရမည် ဖြစ်ပါသည်။

တစ်ဦးထက်ပိုသောမူလလက်ရာရှင်ရှိပါကလည်း ထပ်မံဖြည့်သွင်းနိုင်ပါသည်။ ရှေ့အဆင့်သို့ ဆက်သွားနိုင်ရန် 'အကြမ်းသိမ်းမည်' Button အား နှိပ်ရမည်ဖြစ်ပြီး 'နောက်သို့' Button အား နှိပ်ပါက အဆင့် ၁ သို့ ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပါသည်။

## အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

CR – 1 Form လျှောက်ထားရာတွင် User အမျိုးအစားသည် ကိုယ်စားလှယ်ဖြစ်ပါက အပိုင်း (၃)တွင် ၎င်း၏ အချက်အလက်များ ပေါ်နေမည်ဖြစ်ပါသည်။ User အမျိုးအစားသည် Applicant ဖြစ်ပြီး ကိုယ်စားလှယ်ရှိပါက Figure (3.1.6) တွင် ဖော်ပြထားသည့်အတိုင်း ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များကိုဖြည့်သွင်းပေးရမည် ဖြစ်သည်။

၁) ကိုယ်စားလှယ်၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

၂) ကိုယ်စားလှယ်၏ နိုင်ငံသားစီစစ်ရေးကဒ်ပြားအမှတ် ဖြည့်သွင်းခြင်း

၃) ကိုယ်စားလှယ်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၄) ကိုယ်စားလှယ်၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၅) ကိုယ်စားလှယ်၏ နေရပ်လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့် လိပ်စာ) အား ဖြည့်သွင်းခြင်းတို့အား လုပ်ဆောင်ရမည်ဖြစ်ပါသည်။

အကယ်၍ လျှောက်ထားသူ အနေဖြင့် အသုံးပြုသူ စာရင်းသွင်းခြင်း အပိုင်းတွင် လျှောက်ထားသူ အဆင့်အား "Agent" အနေဖြင့် ရွေးချယ်ခဲ့ပါက ယခု ကိုယ်စားလှယ်နှင့်

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းတွင် အသုံးပြုသူ၏ အချက်အလက်များအား အလိုအလျောက် ပေါ်ပေးမည် ဖြစ်ပါသည်။





Figure 3.1.6: ကိုယ်စားလှယ် စာရင်းသွင်းခြင်း

ကိုယ်စားလှယ်မရှိပါက “မရှိ” Button အားနှိပ်၍ Figure (3.1.7) တွင် ဖော်ပြထားသည့် အတိုင်း “နောက်အဆင့်သို့ သွားပါ” ဟူသည့် စာသား ပေါ်လာမည်ဖြစ်ပါသည်။





Figure 3.1.7: ကိုယ်စားလှယ် (မရှိ) စာမျက်နှာ

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ အမျိုးအစားရွေးချယ်ခြင်း

CR – 1 Form အပိုင်း (၄) အနေဖြင့် မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာအမျိုးအစား ရွေးချယ်ခြင်းအား လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ရွေးချယ်နိုင်သည့် အမျိုးအစားများမှာ

၁) စာပေလက်ရာ (Literary Work)

၂) အနုပညာလက်ရာ (Artistic Work)

၃) ပြဇာတ်လက်ရာ (Dramatic Work)

၄) တေးဂီတလက်ရာ (Musical Work)

၅) အရုပ်အသံလက်ရာ (Audiovisual Work)

၆) ရုပ်ရှင်ဖန်တီးမှုလက်ရာ (Cinematographic Work)

၇) အသုံးချအနုပညာလက်ရာ (Work Of Applied Art)

၈) ဓာတ်ပုံလက်ရာ (Photographic Work)

၉) အခြားလက်ရာ (Other Works) ဟူ၍ ပါရှိပါသည်။ အကယ်၍ လျှောက်ထားသူသည် အခြားလက်ရာ အမျိုးအစားရွေးချယ်ခဲ့ပါက Figure (3.1.8) တွင် ဖော်ပြထားသည့်အတိုင်း အခြားလက်ရာ၏ အမည်အား ဖြည့်သွင်းပေးရမည်ဖြစ်သည်။ ရွေးချယ်ထားသည့် အလုပ် အမျိုးအစား အပေါ်မူတည်၍ ပေးသွင်းသည့် ငွေပမာဏ (Amount of Payment) Box တွင် မိမိပေးချေရမည့် ငွေပမာဏအား အလိုအလျောက် ဖော်ပြထားမည်ဖြစ်ပါသည်။ ထို့နောက် "အကြမ်းသိမ်းမည်" Button အား နှိပ်၍ အပိုင်း (၅) ဖြစ်သည့် မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက်များ ဖြည့်သွင်းခြင်းအပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။ သို့မဟုတ် "နောက်သို့" Button အား နှိပ်ပါက အပိုင်း (၃) ဖြစ်သည့် ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.1.8: လက်ရာအမျိုးအစား စာရင်းသွင်းခြင်း

## အပိုင်း (၅) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက်များ ဖြည့်သွင်းခြင်း

CR – 1 Form အပိုင်း (၅) အနေဖြင့် Figure (3.1.9) တွင် ဖော်ပြထားသည့်အတိုင်း မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ၏ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက်များအား ဖြည့်သွင်း ပေးရပါမည်။ ခေါင်းစဉ်သည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ မှတစ်ပါး အခြားဘာသာ ဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ သို့မဟုတ် ဘာသာပြန်ဆိုချက် နှင့် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် အသံထွက် (အက္ခရာဖလှယ်မှု) တို့ကို ဖော်ပြပေးရမည် ဖြစ်ပါသည်။

၁) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ၏ ခေါင်းစဉ်အား ဖြည့်သွင်းခြင်း

၂) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာ၏ အသေးစိတ် ဖော်ပြချက်အား ဖြည့်သွင်းခြင်း

၃) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာသည် ဆင့်ပွားလက်ရာဖြစ်မဖြစ် ရွေးချယ်ခြင်း

၄) ဆင့်ပွားလက်ရာဖြစ်ပါက ဆင့်ပွားလက်ရာ အမျိုးအစား၊ အမည် နှင့် ခေါင်းစဉ်များအား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၄) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာကို ဖန်တီးသည့်ရက်စွဲ (ရက်/လ/နှစ်) အား ဖြည့်သွင်းခြင်း

၅) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာကို ဖန်တီးသည့်နိုင်ငံအား ဖြည့်သွင်းခြင်း

၆) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာကို အများပြည်သူ ရရှိခံစားနိုင်စေရန် ဆောင်ရွက်သည့် ရက်စွဲ (ရက်/လ/နှစ်)အား ဖြည့်သွင်းခြင်း

၇) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာကို ထုတ်ဝေထားခြင်း ရှိ/မရှိ ရွေးချယ်ခြင်း

၈) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာကိုထုတ်ဝေထားလျှင်

- ပထမအကြိမ်ထုတ်ဝေသည့်ရက်စွဲ (ရက်/လ/နှစ်)
- ပထမအကြိမ်ထုတ်ဝေသည့်နိုင်ငံ
- မြန်မာနိုင်ငံတော်တွင် ထုတ်ဝေသည့်ရက်စွဲ(ရက်/လ/နှစ်) ဖြည့်သွင်းခြင်း တို့အား

လုပ်ဆောင်ရမည်ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.1.9: လက်ရာခေါင်းစဉ် စာရင်းသွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## အပိုင်း (၆) မူပိုင်ခွင့် လျှောက်ထားမည့် လက်ရာနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း

CR – 1 Form အပိုင်း (၆) အနေဖြင့် Figure (3.1.10) တွင် ဖော်ပြထားသည့်အတိုင်း မိမိ လျှောက်ထားမည့် မူပိုင်ခွင့်နှင့် သက်ဆိုင်သော အထောက်အထားဖိုင်များကို Attach တွဲပေးရမည် ဖြစ်သည်။

လျှောက်ထားသူသည် အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်းအပိုင်းတွင် လျှောက်ထားသူအမျိုးအစားအား **မူလလက်ရာရှင်** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | မူလလက်ရာရှင်၏ ဝန်ခံချက် | မှတ်ပုံတင်ပေးရန်လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာသည် မိမိကိုယ်တိုင် ဖန်တီးထားခြင်း သို့မဟုတ် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဝန်ခံချက် |
| ၂။ | လက်ရာဖော်ပြချက် အကျဉ်းချုပ် | ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာနှင့်စပ်လျဉ်း ၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့်ရိုက်နှိပ်၍ ဖော်ပြရမည်။ |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ၏ အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.1.10: ပူးတွဲတင်ပြရမည့် အထောက်အထားများ (မူလလက်ရာရှင်)

လျှောက်ထားသူအမျိုးအစားအား **ဆက်နွှယ်သည့် အခွင့်အရေး ပိုင်ရှင်၏ အမွေဆက်ခံသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | မူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား | မူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား |

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

| | | |
|---|---|---|
| ၂။ | အမွေဆက်ခံခွင့် အထောက်အထား | - မူပိုင်ခွင့်ပိုင်ရှင်၏ သား၊ သမီးဖြစ်ပါက မွေးစာရင်း သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားသော သေတမ်းစာ သို့မဟုတ် တရားရုံးကထုတ်ပေးသည့် အမွေဆက်ခံခွင့် လက်မှတ် သို့မဟုတ် အခြားအထောက် အထား၊<br>- မူပိုင်ခွင့်ပိုင်ရှင်၏ ဇနီး၊ ခင်ပွန်းဖြစ်ပါက တရားဝင် ဇနီး၊ ခင်ပွန်းဖြစ်ကြောင်း သက်သေ အထောက်အထား သို့မဟုတ် အမွေဆက်ခံသူ အဖြစ် သတ်မှတ်ထားသောသေတမ်းစာ သို့မဟုတ် တရားရုံးကထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ် သို့မဟုတ် အခြား အထောက်အထား၊<br>- မူပိုင်ခွင့်ပိုင်ရှင်၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီးမဟုတ်သော အမွေဆက်ခံသူ ဖြစ်ပါက မိမိကိုယ်တိုင် အမွေဆက်ခံသူ ဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံသူ မရှိကြောင်း အထောက်အထားနှင့်ဝန်ခံချက် သို့မဟုတ် သေတမ်းစာ သို့မဟုတ် တရားရုံးကထုတ်ပေးသည့် အမွေဆက်ခံခွင့် လက်မှတ်၊ |
| ၃။ | လက်ရာဖော်ပြချက် အကျဉ်းချုပ် | ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာနှင့်စပ်လျဉ်း ၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာ ဖြင့်ရိုက်နှိပ်၍ ဖော်ပြရမည်။ |
| ၄။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ၏ အီလက်ထရော နစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.1.11: ပူတွဲတင်ပြရမည့် အထောက်အထားများ (အမွေဆက်ခံသူ)

လျှောက်ထားသူအမျိုးအစားအား **စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | လွှဲပြောင်းကြောင်း အထောက်အထား | စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်က စီးပွားရေးဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသား လက်မှတ် ရေးထိုးထားသည့်အထောက်အထား၊ သို့မဟုတ် ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုး ထားသည့် အထောက်အထား၊ |
| ၂။ | လက်ရာဖော်ပြချက် အကျဉ်းချုပ် | ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာနှင့်စပ်လျဉ်း ၍ အကျဉ်းချုပ်ဖော်ပြချက်အား |

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

| | | |
|---|---|---|
| | | အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့်ရိုက်နှိပ်၍ ဖော်ပြရမည်။ |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ၏ အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ |

လျှောက်ထားသူအမျိုးအစားအား **စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။





Figure 3.1.12: ပူတွဲတင်ပြရမည့် အထောက်အထားများ (တည်ဆဲပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ)

လျှောက်ထားသူအမျိုးအစားအား **ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါ အထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | လွှဲပြောင်းကြောင်း အထောက်အထား | စီးပွားရေးဆိုင်ရာအခွင့်အရေးကို ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူဖြစ်ပါက စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင်က စီးပွားရေးဆိုင်ရာ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| | | |
|---|---|---|
| | | အခွင့်အရေးတစ်ခုခုကို ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း စာဖြင့်ရေးသားလက်မှတ် ရေးထိုးထားသည့် အထောက်အထား၊ |
| ၂။ | လက်ရာဖော်ပြချက် အကျဉ်းချုပ် | ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာနှင့်စပ်လျဉ်း ၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့်ရိုက်နှိပ်၍ ဖော်ပြရမည်။ |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ၏ အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ |





Figure 3.1.13: ပူတွဲတင်ပြရမည့် အထောက်အထားများ (ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်း ခံရသူ)

လျှောက်ထားသူအမျိုးအစားအား **ပထမမူပိုင်ခွင့်ပိုင်ရှင်အဖွဲ့အစည်း** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါ အထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| | | |
|---|---|---|
| ၁။ | ပထမမူပိုင်ခွင့်ပိုင်ရှင် အဖွဲ့အစည်း၏ ဝန်ခံချက် | မှတ်ပုံတင်ပေးရန်လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာသည် အဖွဲ့အစည်းက ဖန်တီးပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဝန်ခံချက် |
| ၂။ | လက်ရာဖော်ပြချက် အကျဉ်းချုပ် | ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာနှင့်စပ်လျဉ်း ၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့်ရိုက်နှိပ်၍ ဖော်ပြရမည်။ |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့်လျှောက်ထားမည့် လက်ရာ၏ အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ |

အခြားအထောက်အထားများအနေဖြင့် ရွေးချယ်ထားမှုများပေါ်မူတည်၍-

- လျှောက်ထားသူသည် ကိုယ်စားခန့်အပ်ခြင်းရှိပါက ကိုယ်စားလှယ်လွှဲစာ (CR -10) ဖိုင်
- ဆင့်ပွားလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား
- လျှောက်ထားသူသည် တစ်ဦးထက်ပိုပါက ပူးတွဲလျှောက်ထားသူ အားလုံး၏ သဘောတူခွင့်ပြုချက် အထောက်အထားဖိုင်
- လျှောက်ထားသူသည် အဖွဲ့အစည်း အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက အဖွဲ့အစည်း ကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားဖိုင်တို့ကို ထည့်သွင်းရမည်ဖြစ်ပါသည်။

ထို့နောက်

- အကျဉ်းချုပ်ဖော်ပြချက် အတွက်ပူးတွဲပါဝင်သော စာရွက် အရေအတွက်
- ပူးတွဲပါဝင်သောစာရွက် အရေအတွက် စုစုပေါင်းတို့ကို ထည့်သွင်းရမည်ဖြစ်ပါသည်။

## အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း

CR – 1 Form အပိုင်း (၇) အနေဖြင့် Figure (3.1.14) တွင် ဖော်ပြထားသည့်အတိုင်း မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်အား အလိုအလျောက် မြင်တွေ့ရမည် ဖြစ်သည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

လျှောက်ထားသူသည် တစ်ဦးထက် ပိုပါက လက်မှတ်ထိုးသည့် နေရာတွင် ပထမ လျှောက်ထားသူ၏ အမည်သာ အလိုအလျောက် ပေါ်ပေးမည် ဖြစ်သည်။





Figure 3.1.14: လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်

အပိုင်း(၁)တွင် လျှောက်ထားသူသည် အဖွဲ့အစည်း အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက အဖွဲ့အစည်းကိုယ်စားပြု လျှောက်ထားသူအမည်၊ လျှောက်ထားသူ၏ ရာထူးအား Figure (3.1.15)ပါအတိုင်း ဖြည့်စွက် ပေးရမည် ဖြစ်သည်။

ထို့နောက် "အထက်ဖော်ပြပါ အချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်" ဟူသော Check Box အား အမှန်ခြစ်၍ "အကြမ်းသိမ်းမည်" Button အား နှိပ်ပါက Figure (3.1.16) တွင် ဖော်ပြထားသည့် အတိုင်း Printer icon ပေါ်လာမည်ဖြစ်ပါသည်။ ၎င်း Printer icon အားနှိပ်၍ မိမိလျှောက်ထားမည့် Form ၏ pdf file အား စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြန်လည်ပြင်ဆင်လိုပါက ပြင်ဆင်နိုင်ပါသည်။ 'နောက်ဆုံးအကြိမ်သိမ်းမည်' ဟူသော Button အားနှိပ်ပြီးပါက Application အား ပြန်လည်ပြင်ဆင်ခွင့် မပြုတော့ပါ။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.1.15: အဖွဲ့အစည်းကိုယ်စားပြုလျှောက်ထားသူ လက်မှတ်





Figure 3.1.16: လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်

## အပိုင်း (၈) ငွေပေးချေသည့် အဆင့်

CR – 1 Form အပိုင်း (၈) အနေဖြင့် Figure (3.1.17) တွင် ဖော်ပြထားသည့်အတိုင်း မိမိလျှောက်ထားသည့် မူပိုင်ခွင့်အတွက် ငွေပေးချေရမည် ဖြစ်ပါသည်။ “ငွေပေးချေခြင်း အမျိုးအစား ရွေးချယ်ပါ” ဟူသော Box တွင် မိမိအသုံးပြုမည့် ဘဏ်အမျိုးအစားကို ရွေးချယ်၍ ငွေပေးချေနိုင်မည်

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

ဖြစ်သည်။ ငွေပေးချေရာတွင် CB Bank (သို့မဟုတ်) AYA Bank ကို အသုံးပြု၍ ငွေပေးချေနိုင်မည် ဖြစ်ပါသည်။ ငွေပေးချေမှုအသေးစိတ်ကို Section 5 ငွေပေးချေခြင်းတွင် ကြည့်ရှုနိုင်ပါသည်။





Figure 3.1.17: ငွေပေးသွင်းခြင်း စာမျက်နှာ

## 3.2 CR – 2 Form ဖြည့်သွင်းခြင်း

Figure (3.2.1) တွင် ဖော်ပြထားသည့် CR – 2 Form ဆိုသည်မှာ ဆက်နွှယ်သည့် အခွင့်အရေး ဆိုင်ရာ ကိစ္စရပ် မှတ်ပုံတင် လျှောက်ထားနိုင်ရန်အတွက် ဖြစ်ပါသည်။





Figure 3.2.1: CR – 2 Form

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

CR – 2 Form လျှောက်ထားရာတွင် အောက်ပါအတိုင်း အဆင့်ဆင့်လျှောက်ထားရမည် ဖြစ်ပါသည်-

အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၂) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် အမျိုးအစား ရွေးချယ်ခြင်း

အပိုင်း (၅) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ခေါင်းစဉ် ဖြည့်သွင်းခြင်း

အပိုင်း (၆) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း

အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း

အပိုင်း (၈) ငွေပေးချေသည့် အဆင့်

## အပိုင်း (၁) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း

CR – 2 Form လျှောက်ထားရာတွင် အပိုင်း (၁) အနေဖြင့် Figure (3.2.2) တွင် ဖော်ပြထားသည့် အတိုင်း လျှောက်ထားသူနှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပေးရပါမည်။ ပထမဦးစွာ လျှောက်ထားသူအမျိုးအစား နှင့် လျှောက်ထားခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အစည်း (ကုမ္ပဏီ) အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခြင်းတို့ကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။ တစ်ဦးတစ်ယောက်ဖြင့် လျှောက်ထားခြင်းကို ရွေးချယ်ခဲ့ပါက Figure (3.2.3) တွင် ဖော်ပြထားသည့်အတိုင်း-

၁) လျှောက်ထားသူ၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

၂) လျှောက်ထားသူ၌ အခြားအမည်ရှိပါက ထိုအမည်အားဖြည့်သွင်းခြင်း

၃) လျှောက်ထားသူသည် မြန်မာနိုင်ငံသား (သို့မဟုတ်) အခြားနိုင်ငံသား ဖြစ်မဖြစ် ဖြည့်သွင်းခြင်း

၄) လျှောက်ထားသူ၏ နိုင်ငံသားစီစစ်ရေးကဒ်ပြားအမှတ် (နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူး လက်မှတ်အမှတ်) အား ဖြည့်သွင်းခြင်း

၅) လျှောက်ထားသူ၏ နိုင်ငံသား အမျိုးအစားအား ဖြည့်သွင်းခြင်း

၆) လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်ရာနိုင်ငံအမည် ဖြည့်သွင်းခြင်း

၇) လျှောက်ထားသူ၏ မူပိုင်ခွင့် လျှောက်ထားစဉ် တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

၈) လျှောက်ထားသူ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၉) လျှောက်ထားသူ၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၁၀) လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံအား ဖြည့်သွင်းခြင်း တို့အား လုပ်ဆောင်ရမည် ဖြစ်သည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 




Figure 3.2.2: လျှောက်ထားသူ စာရင်းသွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.2.3: လျှောက်ထားသူ (ပုဂ္ဂိုလ်တစ်ဦးချင်း) စာရင်းသွင်းခြင်း

အဖွဲ့အစည်း (ကုမ္ပဏီ) အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက Figure (3.2.4) တွင် ဖော်ပြထားသည့်အတိုင်း

၁) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အမည်အပြည့်အစုံ အား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၂) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ မှတ်ပုံတင်အမှတ် အား ဖြည့်သွင်းခြင်း

၃) အဖွဲ့အစည်း(ကုမ္ပဏီ) ၏ အမျိုးအစား ဖြည့်သွင်းခြင်း

၄) အဖွဲ့အစည်း (ကုမ္ပဏီ) တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

၅) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၆) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၇) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ လိပ်စာအပြည့်အစုံ ဖြည့်သွင်းခြင်း

၈) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ နိုင်ငံအား ဖြည့်သွင်းခြင်း တို့ကို လုပ်ဆောင်ရပါမည်။ ထို့နောက် Figure (3.2.2) တွင် ဖော်ပြထားသည့်အတိုင်း "သိမ်းမည်" Button အား နှိပ်၍ Registration ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ သို့မဟုတ် မိမိ ဖြည့်သွင်းထားသော အချက်အလက်များအား Registration မပြုလုပ်မီ ပယ်ဖျက်လိုပါက Figure (3.2.2) တွင် ဖော်ပြထားသည့် အတိုင်း "ရှင်းမည်" Button အား နှိပ်၍ ပယ်ဖျက်နိုင်မည် ဖြစ်သည်။

Applicant Registration အပိုင်း ပြီးမြောက်ပါက Figure (3.2.2) တွင် ဖော်ပြထားသည့် အတိုင်း "အကြမ်းသိမ်းမည်" Button အား နှိပ်ပါက အပိုင်း (၂) ဖြစ်သည့် ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်း ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.2.4: လျှောက်ထားသူ (အဖွဲ့အစည်း) စာရင်းသွင်းခြင်း

## အပိုင်း (၂) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်း နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

CR – 2 Form လျှောက်ထားရာတွင် အပိုင်း (၂) အနေဖြင့် ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်း နှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပေးရပါမည်။ ပထမဦးစွာ ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ် ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့အနက် သက်ဆိုင်သည့်အကွက်တွင်

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

အမှတ်အသားပြု၍ ရွေးချယ်ပါ။ ထို့နောက် လျှောက်ထားခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အစည်း(ကုမ္ပဏီ)အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခြင်းတို့ကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။ တစ်ဦးတစ်ယောက်ဖြင့် လျှောက်ထားခြင်းကို ရွေးချယ်ခဲ့ပါက Figure (3.2.5) တွင် ဖော်ပြထားသည့်အတိုင်း

၁) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

၂) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ၌ အခြားအမည်ရှိပါက ထိုအမည်အားဖြည့်သွင်းခြင်း

၃) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူသည် မြန်မာနိုင်ငံသား (သို့မဟုတ်) အခြားနိုင်ငံသား ဖြစ်မဖြစ် ရွေးချယ်ခြင်း

၄) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် (နိုင်ငံခြားသား ဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်) အား ဖြည့်သွင်းခြင်း

၅) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ နိုင်ငံသားအမျိုးအစားအား ဖြည့်သွင်းခြင်း

၆) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ အမြဲတမ်းနေထိုင်ရာ နိုင်ငံအမည် ဖြည့်သွင်းခြင်း

၇) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ မူပိုင်ခွင့် လျှောက်ထားစဉ် တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

၈) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၉) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ အီးမေးလ် လိပ်စာအား ဖြည့်သွင်းခြင်း

၁၀) ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူ ၏ နေရပ်လိပ်စာ အပြည့်အစုံအား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

၁၁) အကယ်၍ ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သူသည် ကွယ်လွန်ပြီး ဖြစ်ပါက ကွယ်လွန်ပြီး ဖြစ်လျှင် ဟူသော Box တွင် အမှန်ခြစ် ပြုလုပ်၍

၁၂) ကွယ်လွန်သည့် ရက်စွဲအား ဖြည့်သွင်းခြင်း တို့အား လုပ်ဆောင်ရမည် ဖြစ်ပါသည်။





Figure 3.2.5: ဖျော်ဖြေသူ / ဖိုနိုဂရမ်ထုတ်လုပ်သူ /ထုတ်လွှင့်သည့်အဖွဲ့အစည်း စာရင်းသွင်းခြင်း (ပုဂ္ဂိုလ်တစ်ဦးချင်း)

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

အဖွဲ့အစည်း (ကုမ္ပဏီ)အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက Figure (3.2.6) တွင် ဖော်ပြထားသည့်အတိုင်း

၁) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အမည်အပြည့်အစုံ အား ဖြည့်သွင်းခြင်း

၂) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ မှတ်ပုံတင်အမှတ် အား ဖြည့်သွင်းခြင်း

၃) အဖွဲ့အစည်း(ကုမ္ပဏီ) ၏ အမျိုးအစား ဖြည့်သွင်းခြင်း

၄) အဖွဲ့အစည်း (ကုမ္ပဏီ) တည်ရှိနေသော နိုင်ငံအား ဖြည့်သွင်းခြင်း

၅) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၆) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၇) အဖွဲ့အစည်း (ကုမ္ပဏီ) ၏ လိပ်စာအပြည့်အစုံ ဖြည့်သွင်းခြင်းတို့ကို လုပ်ဆောင်ရပါမည်။

ထို့နောက် Figure (3.2.5) တွင် ဖော်ပြထားသည့်အတိုင်း "သိမ်းမည်" Button အား နှိပ်၍ Registration ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ သို့မဟုတ် မိမိ ဖြည့်သွင်းထားသော အချက်အလက်များအား Registration မပြုလုပ်မှီ ပယ်ဖျက်လိုပါက "ရှင်းမည်" Button အား နှိပ်၍ ပယ်ဖျက်နိုင်မည် ဖြစ်သည်။

ထို့နောက် "အကြမ်းသိမ်းမည်" Button အား နှိပ်ပါက အပိုင်း (၃) ဖြစ်သည့် ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။ သို့မဟုတ် "နောက်သို့" Button အား နှိပ်ပါက အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.2.6: ဖျော်ဖြေသူ / ဖိုနိုဂရမ်ထုတ်လုပ်သူ /ထုတ်လွှင့်သည့်အဖွဲ့အစည်း စာရင်းသွင်းခြင်း (အဖွဲ့အစည်း)

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

## အပိုင်း (၃) ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း

CR – 2 Form လျှောက်ထားရာတွင် အပိုင်း (၃) အနေဖြင့် ကိုယ်စားလှယ်ရှိပါက Figure (3.2.7) တွင် ဖော်ပြထားသည့်အတိုင်း ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များကို ဖြည့်သွင်းပေးရမည် ဖြစ်သည်။

၁) ကိုယ်စားလှယ်၏ အမည်အပြည့်အစုံအား ဖြည့်သွင်းခြင်း

၂) ကိုယ်စားလှယ်၏ နိုင်ငံသားစီစစ်ရေးကဒ်ပြားအမှတ် ဖြည့်သွင်းခြင်း

၃) ကိုယ်စားလှယ်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းခြင်း

၄) ကိုယ်စားလှယ်၏ အီးမေးလ်လိပ်စာအား ဖြည့်သွင်းခြင်း

၅) ကိုယ်စားလှယ်၏ နေရပ်လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့် လိပ်စာ) အား ဖြည့်သွင်းခြင်းတို့အား လုပ်ဆောင်ရမည်ဖြစ်ပြီး

"အကြမ်းသိမ်းမည်" Button အား နှိပ်ပါက အပိုင်း (၄) ဖြစ်သည့် ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။ သို့မဟုတ် "နောက်သို့" Button အား နှိပ်ပါက အပိုင်း (၂) ဖြစ်သည့် ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့်အဖွဲ့အစည်း ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

အကယ်၍ လျှောက်ထားသူ အနေဖြင့် အသုံးပြုသူ စာရင်းသွင်းခြင်း အပိုင်းတွင် လျှောက်ထားသူ အဆင့်အား "Agent" အနေဖြင့် ရွေးချယ်ခဲ့ပါက ယခု ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်းအပိုင်းတွင် အသုံးပြုသူ၏ အချက်အလက်များအား အလိုအလျောက် ပေါ်ပေးမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.2.7: ကိုယ်စားလှယ် စာရင်းသွင်းခြင်း

ကိုယ်စားလှယ်မရှိပါက “မရှိ” Button အားနှိပ်၍ Figure (3.2.8) တွင် ဖော်ပြထားသည့် အတိုင်း “နောက်အဆင့်သို့ သွားပါ” ဟူသည့် စာသား ပေါ်လာမည်ဖြစ်ပြီး “အကြမ်းသိမ်းမည်” Button အား နှိပ်၍ အပိုင်း (၄) ဖြစ်သည့် မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် အမျိုးအစား ရွေးချယ်ခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်သည်။ သို့မဟုတ် “နောက်သို့” Button အား နှိပ်ပါက အပိုင်း (၂) ဖြစ်သည့် ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့်အဖွဲ့အစည်း ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.2.8: ကိုယ်စားလှယ် (မရှိ) စာမျက်နှာ

## အပိုင်း (၄) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် အမျိုးအစား ရွေးချယ်ခြင်း

CR – 2 Form အပိုင်း (၄) အနေဖြင့် Figure (3.2.9) တွင် ဖော်ပြထားသည့်အတိုင်း ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် အမျိုးအစား ရွေးချယ်ခြင်းအား လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ရွေးချယ်နိုင်သည့် အမျိုးအစားများမှာ-

၁) ဖျော်ဖြေတင်ဆက်မှု (Performance)

၂) ဖိုနိုဂရမ် (Phonogram)

၃) ထုတ်လွှင့်ချက် (Broadcast) ဟူ၍ ပါရှိပါသည်။

ရွေးချယ်ထားသည့် အလုပ်အမျိုးအစားအပေါ်မူတည်၍ ပေးသွင်းရမည့် ငွေပမာဏ Amount of Payment Box တွင် မိမိပေးချေရမည့် ငွေပမာဏအား အလိုအလျောက် ဖော်ပြထားမည် ဖြစ်ပါသည်။ ထို့နောက် “အကြမ်းသိမ်းမည်” Button အား နှိပ်၍ အပိုင်း (၅) ဖြစ်သည့် မူပိုင်ခွင့် လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ခေါင်းစဉ် ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။ သို့မဟုတ် “နောက်သို့” Button အား နှိပ်ပါက အပိုင်း (၃) ဖြစ်သည့် ကိုယ်စားလှယ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.2.9: ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် အမျိုးအစား စာရင်းသွင်းခြင်း

## အပိုင်း (၅) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ခေါင်းစဉ် ဖြည့်သွင်းခြင်း

CR – 2 Form အပိုင်း (၅) အနေဖြင့် Figure (3.2.10) တွင် ဖော်ပြထားသည့်အတိုင်း မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်၏ ခေါင်းစဉ်နှင့် လိုအပ်သော အချက်အလက်များအား ဖြည့်သွင်းပေးရပါမည်။ ခေါင်းစဉ်သည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမှတစ်ပါး အခြားဘာသာဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ သို့မဟုတ် ဘာသာပြန်ဆိုချက်နှင့် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် အသံထွက် (အက္ခရာဖလှယ်မှု) တို့ကိုဖော်ပြပေးရမည် ဖြစ်ပါသည်။

၁ ) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ခေါင်းစဉ်အား ဖြည့်သွင်းခြင်း

၂) ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက် အမျိုးအစား နှင့် စပ်လျဉ်း၍ တိကျစွာဖော်ပြချက်

၃) ဖျော်ဖြေတင်ဆက်မှုဖြစ်ပါက ပထမအကြိမ် ဖျော်ဖြေတင်ဆက်မှုပြုသည့် နိုင်ငံ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ပထမအကြိမ်အသံပေါင်းစပ်ထည့်သွင်းသည့်နိုင်ငံ သို့မဟုတ် ပို့လွှင့်သည့် ထုတ်လွှင့်ချက်ဖြစ်ပါက ပထမအကြိမ် ပို့လွှင့်ထုတ်လွှင့်သည့်နိုင်ငံ တို့အား ဖြည့်သွင်းခြင်း

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

၄) ဖျော်ဖြေတင်ဆက်မှုဖြစ်ပါက နိုင်ငံတော်အတွင်း ဖျော်ဖြေတင်ဆက်မှုပြုသည့် ရက်စွဲ (ရက်/လ/နှစ်) သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ပထမအကြိမ် အသံပေါင်းစပ် ထည့်သွင်းသည့် ရက်စွဲ. သို့မဟုတ် နိုင်ငံတော်၌ တည်ရှိသည့် ပို့လွှင့်စက်မှ ပို့လွှင့်သည့်ထုတ်လွှင့်ချက်ဖြစ်ပါက စတင်ထုတ်လွှင့်သည်ရက်စွဲ(ရက်/လ/နှစ်) တို့အား ဖြည့်သွင်းခြင်း

၅) ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့၏ ပထမအကြိမ် ထုတ်ဝေသည့်နိုင်ငံ တို့အား ဖြည့်သွင်းခြင်း

၆) ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့သည် အခြားနိုင်ငံတွင် ထုတ်ဝေခြင်းဖြစ်ပါက နိုင်ငံတော်တွင် ထုတ်ဝေသည့် ရက်စွဲ(ရက်/လ/နှစ်) တို့အား ဖြည့်သွင်းခြင်း

၇) ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ထုတ်လွှင့်ချက်နှင့် စပ်လျဉ်း၍ အရုပ်အသံ ပေါင်းစပ် ထည့်သွင်းသည့် တိတ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံး မှတ်တမ်းပြုသွင်းယူခြင်း ပြုသည့် ရက်စွဲ သို့မဟုတ် ဖိုနိုဂရမ်ကို ပထမဦးဆုံး မှတ်တမ်းပြု သွင်းယူခြင်း ပြုသည့်ရက်စွဲ (ရက်/လ/နှစ်) တို့အား ဖြည့်သွင်းခြင်းတို့ကို ပြုလုပ်ရမည် ဖြစ်ပါသည်။

ထို့နောက် "အကြမ်းသိမ်းမည်" Button အား နှိပ်၍ အပိုင်း (၆) ဖြစ်သည့် မူပိုင်ခွင့် လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြ ရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း အပိုင်းသို့ ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.2.10: ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် ခေါင်းစဉ် စာရင်းသွင်းခြင်း

## အပိုင်း (၆) မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း

CR –2 Form အပိုင်း (၆) အနေဖြင့် Figure (3.2.11) တွင် ဖော်ပြထားသည့်အတိုင်း မိမိလျှောက်ထားမည့် မူပိုင်ခွင့်နှင့် သက်ဆိုင်သော အထောက်အထားဖိုင်များကို Attach တွဲပေးရမည် ဖြစ်သည်။ လျှောက်ထားသူသည် အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေး အချက်အလက်များ ဖြည့်သွင်းခြင်းအပိုင်းတွင် လျှောက်ထားသူအမျိုးအစားအား **ဖျော်ဖြေသူ သို့မဟုတ် ဖိုနိုဂရမ် ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့်အဖွဲ့အစည်း** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက အောက်ပါ အထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့် သည့် အဖွဲ့အစည်း၏ ဝန်ခံချက် | မှတ်ပုံတင်ပေးရန်လျှောက်ထားသော ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်မှာ မိမိကိုယ်တိုင်ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဝန်ခံချက် |
| ၂။ | ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်ဖော်ပြချက် အကျဉ်းချုပ် | ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ဖော်ပြချက်အကျဉ်းချုပ်အား ပူးတွဲတင်ပြအပ်ပါသည်။ (ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် |

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| | | |
|---|---|---|
| | | ထုတ်လွှင့်ချက်နှင့်စပ်လျဥ်း၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့် ရိုက်နှိပ်၍ ဖော်ပြရမည်။) |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့် လျှောက်ထားမည့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့၏ အီလက်ထရောနစ်နည်းဖြင့်ထည့်သွင်းထားသောမိတ္တူ |





Figure 3.2.11: ပူးတွဲတင်ပြရမည့် အထောက်အထားများ (ဖျော်ဖြေသူ / ဖိုနိုဂရမ်ထုတ်လုပ်သူ /ထုတ်လွှင့်သည့်အဖွဲ့အစည်း)

လျှောက်ထားသူသည် အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းတွင် လျှောက်ထားသူအမျိုးအစားအား ဆက်နွှယ်သည့် အခွင့်အရေး ပိုင်ရှင်၏ **အမွေဆက်ခံသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက Figure (3.2.12) တွင် ဖော်ပြထားသည့် အတိုင်း အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
| --- | --- | --- |
| ၁။ | ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား | ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား |
| ၂။ | အမွေဆက်ခံခွင့်အထောက်အထား | - ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ သား၊ သမီးဖြစ်ပါက မွေးစာရင်း သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထား သော သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် အမွေဆက်ခံခွင့် လက်မှတ် သို့မဟုတ် အခြားအထောက် အထား၊<br>- ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်းဖြစ်ပါက တရားဝင် ဇနီး၊ ခင်ပွန်းဖြစ်ကြောင်း သက်သေ အထောက် အထား သို့မဟုတ် အမွေဆက်ခံသူ အဖြစ် သတ်မှတ်ထားသောသေတမ်းစာ သို့မဟုတ် တရားရုံးကထုတ်ပေးသည့် အမွေဆက်ခံခွင့် လက်မှတ် သို့မဟုတ် အခြား အထောက် အထား၊<br>- ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ ၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး မဟုတ်သော အမွေဆက်ခံသူ ဖြစ်ပါက မိမိကိုယ်တိုင် အမွေဆက်ခံသူ ဖြစ်ကြောင်း နှင့် အခြားအမွေဆက်ခံသူ မရှိကြောင်း ထောက်အထားနှင့်ဝန်ခံချက် သို့မဟုတ် သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် မွေဆက်ခံခွင့် လက်မှတ်၊ |
| ၃။ | ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်ဖော်ပြချက် အကျဉ်းချုပ် | ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ဖော်ပြချက်အကျဉ်းချုပ် (ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| | | |
|---|---|---|
| | | မျက်နှာအထိ ကွန်ပျူတာဖြင့် ရိုက်နှိပ်၍ ဖော်ပြရမည်။) |
| ၄။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့် လျှောက်ထားမည့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့၏ အီလက်ထရောနစ်နည်းဖြင့်ထည့်သွင်းထားသောမိတ္တူ |





Figure 3.2.12: ပူးတွဲတင်ပြရမည့် အထောက်အထားများ (အမွေဆက်ခံသူ)

လျှောက်ထားသူသည် အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းတွင် လျှောက်ထားသူ အမျိုးအစားအား ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ **စီးပွားရေးဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်း ခံရသူ** ဖြစ်သည် ဟု ရွေးချယ်ခဲ့ပါက Figure (3.2.13) တွင် ဖော်ပြထားသည့်အတိုင်း အောက်ပါ အထောက်အထား များအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | လွှဲပြောင်းကြောင်း အထောက်အထား | ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်က စီးပွားရေး ဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့် ရေးသားလက်မှတ် ရေးထိုးထားသည့် အထောက်အထား သို့မဟုတ် ပူးတွဲပိုင်ဆိုင်သည့် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်း ကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုး ထားသည့် အထောက်အထား၊ |
| ၂။ | ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်ဖော်ပြချက် အကျဉ်းချုပ် | ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ဖော်ပြ ချက်အကျဉ်းချုပ်အား ပူးတွဲတင်ပြအပ်ပါသည်။ (ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့် ရိုက်နှိပ်၍ ဖော်ပြရမည်။) |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့် လျှောက်ထားမည့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့၏ အီလက်ထရောနစ်နည်းဖြင့်ထည့်သွင်းထားသော မိတ္တူ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction.




Figure 3.2.13: ပူးတွဲတင်ပြရမည့် အထောက်အထားများ (တည်ဆဲပဒေတစ်ရပ်ရပ်အရ စီးပွားရေး ဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ)

လျှောက်ထားသူသည် အပိုင်း (၁) ဖြစ်သည့် လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်း အပိုင်းတွင် လျှောက်ထားသူအမျိုးအစားအား ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်၏ စီးပွားရေးဆိုင်ရာအခွင့်အရေးကို **ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူ** ဖြစ်သည်ဟု ရွေးချယ်ခဲ့ပါက Figure (3.2.14) တွင် ဖော်ပြထားသည့်အတိုင်း အောက်ပါအထောက်အထားများအား ပူးတွဲ တင်ပြရမည် ဖြစ်ပါသည်။

| စဉ် | အထောက်အထားအမည် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း အထောက်အထား | ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က စီးပွားရေး ဆိုင်ရာ အခွင့်အရေးတစ်ခုခုကို ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အထောက်အထားဖိုင် |
| ၂။ | ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်ဖော်ပြချက် အကျဉ်းချုပ် | ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ဖော်ပြ ချက်အကျဉ်းချုပ်အား ပူးတွဲတင်ပြအပ်ပါသည်။ |

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 

| | | |
|---|---|---|
| | | (ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့် ရိုက်နှိပ်၍ ဖော်ပြရမည်။) |
| ၃။ | အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ | မူပိုင်ခွင့် လျှောက်ထားမည့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်တို့၏ အီလက်ထရောနစ်နည်းဖြင့်ထည့်သွင်းထားသောမိတ္တူ |





Figure 3.2.14: ပူးတွဲတင်ပြရမည့် အထောက်အထားများ (ပေးကမ်းခြင်း သို့မဟုတ် လျှုဒါန်းခြင်းခံရသူ)

အခြားအထောက်အထားများအနေဖြင့် ရွေးချယ်ထားမှုများပေါ်မူတည်၍-

- လျှောက်ထားသူသည် ကိုယ်စားခန့်အပ်ခြင်းရှိပါက ကိုယ်စားလှယ်လွှဲစာ (CR -10) ဖိုင်

Copyright ©2024IPD. All rights reserved. No unauthorized reproduction.

- ဆင့်ပွားလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား
- လျှောက်ထားသူသည် တစ်ဦးထက်ပိုပါက ပူးတွဲလျှောက်ထားသူ အားလုံး၏ သဘောတူခွင့်ပြုချက် အထောက်အထားဖိုင်
- လျှောက်ထားသူသည် အဖွဲ့အစည်း အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက အဖွဲ့အစည်း ကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားဖိုင်တို့ကို ထည့်သွင်းရမည်ဖြစ်ပါသည်။

ထို့နောက်

- အကျဉ်းချုပ်ဖော်ပြချက် အတွက်ပူးတွဲပါဝင်သော စာရွက် အရေအတွက်
- ပူးတွဲပါဝင်သောစာရွက် အရေအတွက် စုစုပေါင်းတို့ကို ထည့်သွင်းရမည်ဖြစ်ပါသည်။

## အပိုင်း (၇) မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်ရေးထိုးခြင်း

CR – 2 Form အပိုင်း (၇) အနေဖြင့် Figure (3.2.15) တွင် ဖော်ပြထားသည့်အတိုင်း မူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်အား အလိုအလျောက် မြင်တွေ့ရမည် ဖြစ်သည်။ လျှောက်ထားသူသည် တစ်ဦးထက် ပိုပါက လက်မှတ်ထိုးသည့် နေရာတွင် ပထမ လျှောက်ထားသူ၏ အမည်သာ အလိုအလျောက် ပေါ်ပေးမည် ဖြစ်သည်။ လျှောက်ထားသူသည် အဖွဲ့အစည်း အနေဖြင့် လျှောက်ထားခြင်းအား ရွေးချယ်ခဲ့ပါက လျှောက်ထားသူ၏ ရာထူးအား ဖြည့်စွက်ပေးရမည် ဖြစ်သည်။ ထို့နောက် “အထက်ဖော်ပြပါ အချက်များ မှန်ကန်ကြောင်း ဝန်ခံတိပြု လက်မှတ်ရေးထိုးပါသည်” ဟူသော Check Box အား အမှန်ခြစ်၍ “အကြမ်းသိမ်းမည်” Button အားနှိပ်ပါက Figure (3.2.16) တွင် ဖော်ပြထားသည့်အတိုင်း ငွေမသွင်းမှီ Case File အား စစ်ဆေးနိုင်သော Page တစ်ခု ပေါ်လာမည်ဖြစ်ပြီး မိမိလျှောက်ထားမည့် Form ၏ pdf file အား ကြည့်ရှုနိုင်မည် ဖြစ်သည်။ ထို့နောက် “နောက်ဆုံးအကြိမ်သိမ်းမည်” Button အား နှိပ်ပါက အပိုင်း (၈) ဖြစ်သည့် ငွေပေးချေသည့် အဆင့်အား ရောက်ရှိမည်ဖြစ်ပြီး “နောက်သို့” Button အား နှိပ်ပါက အပိုင်း (၆) ဖြစ်သည့် မူပိုင်ခွင့်လျှောက်ထားမည့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပူးတွဲတင်ပြရမည့် အထောက်အထားများ ဖြည့်သွင်းခြင်း အပိုင်းအား ရောက်ရှိမည် ဖြစ်ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction.





Figure 3.2.15: လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်





Figure 3.2.16: လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်

## အပိုင်း (၈) ငွေပေးချေသည့် အဆင့်

CR – 1 Form အပိုင်း (၈) အနေဖြင့် Figure (3.1.17) တွင် ဖော်ပြထားသည့်အတိုင်း မိမိ လျှောက်ထားသည့် မူပိုင်ခွင့်အတွက် ငွေပေးချေရမည် ဖြစ်ပါသည်။ "ငွေပေးချေခြင်း အမျိုးအစား ရွေးချယ်ပါ" ဟူသော Box တွင် မိမိအသုံးပြုမည့် ဘဏ်အမျိုးအစားကို ရွေးချယ်၍ ငွေပေးချေနိုင်မည် ဖြစ်သည်။ ငွေပေးချေရာတွင် CB Bank (သို့မဟုတ်) AYA Bank ကို အသုံးပြု၍ ငွေပေးချေနိုင်မည် ဖြစ်ပါသည်။ ငွေပေးချေခြင်းအပိုင်းအား Section-4 ငွေပေးချေခြင်းတွင် အသေးစိတ်ကြည့်ရှုနိုင် ပါသည်။

Copyright ©2024IPD. All rights reserved. No unauthorized reproduction. 





Figure 3.1.17: ငွေပေးသွင်းခြင်း စာမျက်နှာ

Copyright ©2024IPD. All rights reserved. No unauthorized reproduction.